အင်းတကောကျေးရွာ

ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

# (၂၀၂၀-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အင်းတကော ကျေးရွာ၊ပန်းတနော်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

မာတိကာ

စဉ် အကြောင်းအရာ

၂၀၂၁ခုနှစ်၊ဇူလိုင်လ

| | | |
|---|---|---|
| | **စကားချီး** | ၃ |
| | **အင်းတကောကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွန်ပြပုံ၊အဖွဲ့အစည်းပြပုံ၊ပန်းတနော်မြို့** | ၃ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား- မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၈ |

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း
နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ အင်းတကောကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံး သောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက် ရေး အတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါ သည်။အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေး သောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေး လုပ်ငန်းများကိုယခင် ကာလများကစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ် တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ဤလုပ်ငန်း စဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များ ကိုသာအားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက် အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ဤစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ် ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ

အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဇူလိုင်လ၊၂၀၂၁ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အင်းတကောကျေးရွာ
ပန်းတနော်မြို့နယ်

# အင်းတကော ကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



# အင်းတကောကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



## အင်းတကောကျေးရွာအုပ်စု၊အင်းတကောကျေးရွာ၏
## ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတည်ရှိမှုပုံစံပြ( Venn Diagram )



## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ဒီဂရီ၅၈မိနစ်နှင့် ၁၇ဒီဂရီ၂၃မိနစ်ကြား၊အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၂၈မိနစ်နှင့်၉၅ဒီဂရီ၅၃မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၁၇) မိုင်ရှိပြီး တောင်မှမြောက်သို့ (၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ် ၊ တောင်ဘက်တွင် ဝါးခယ်မမြို့နယ်၊ မြောက်ဘက်တွင်ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

အင်းတကောကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ အင်းတကောကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ပန်းတနော်မြို့နယ် နှင့် (၁၁) မိုင်ခန့် ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ အင်းမကျေးရွာ ၊ အင်းတကောရွာမလေးကျေးရွာ ၊ ကျုံတုံးကလေး ကျေးရွာနှင့်အုန်းပင်စုကျေးရွာတို့ ဖြစ်ပါသည်။ အင်းတကောကျေးရွာသည် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းအဓိကလုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်သည်။အခြားလုပ်ငန်းများကိုလည်း အနည်းငယ် လုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန်၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာဇန်နဝါရီလတွင်၂၃.၉၇°C ဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မဖြစ်ပါသည်။မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် စက်တင်ဘာလများဖြစ်ပါသည်။

ကျေးရွာတွင်**ဓာတ်သတ္တုဆိုင်ရာသဘာဝ အရင်းအမြစ်များထွက်ရှိမှုမှာ သဲကို ချောင်းမြောင်း တွင်ထုတ်ယူရရှိပါသည်။သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင် ၊ ဆင်တုံးမနွယ်၊ ကုန်းဗေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် ကုလားပင်စိမ်း စသည့်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များပေါက် ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်**။လယ်ယာမြေ အသင့်အတင့် ရှိကြပြီး မြေပြန့်ဒေသ ဖြစ်ကာ မြေဆီ အသင့်အတင့် ကောင်းမွန်သည်။ တောင်သူ အားလုံးမှာ မြစ်ရေနှင့် အဝီစိတွင်း ရေဖြင့် လယ်ယာ ကိုင်မြေ ဧက(၄၈၉.၅)ခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ထွန်ယက်စိုက်ပျိုးနိုင် သည့် ဧက (၄၃၂)ဧကရှိပြီး စပါး ၊ ငရုတ်၊ကွမ်းနှင့် ပဲများကို အဓိက စိုက်ပျိုးကြသည်။

**၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

**ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၂၊မ၃)ဦး၊ ဘာသာရေးအဖွဲ့ (ကျား-၅၊မ-၂)ဦး၊ လူငယ်အဖွဲ့ (ကျား-၂၈၊မ-၂၂)၊ အမျိုးသမီးအဖွဲ့ (မ-၃၈)ဦး၊ လယ်သမားအဖွဲ့ (ကျား-၃၂)ဦး၊ကျောင်းကော်မတီအဖွဲ့(ကျား-၄၊မ-၃)ဦးတို့သည် ကျေးရွာ၏ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး** ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ဤ ကော် မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီး ဌာနများ၊ ပြင်ပ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၄။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

အင်းတကောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၈၆)စုရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၁၈)စု ၊ ၂.၅ကေအောက်ဆင်းရဲသားတောင်သူ(၁၂)အိမ်ထောင်စု၊၂.၅ကေ မှ၅ကေကြား ရှိ တောင်သူငယ်(၄) အိမ်ထောင်စု၊ ၅ကေမှ၁၂.၅ကေကြားရှိ တောင်သူလတ်(၄) အိမ်ထောင်စု၊ ၁၂.၅ ကေအထက်ရှိ တောင်သူကြီး (၁၀) အိမ်ထောင်စုစသည်တို့ရှိကြသည်။ အဓိကအားဖြင့် စပါး၊ ငရုတ်၊ ကွမ်း နှင့်ပဲများအဓိကထား စိုက်ပျိုးကြပါသည်။မြေယာမဲ့ အိမ်ထောင်စုများသည်(၈၆)အိမ်ထောင်စု ခန့်ရှိပြီး အများစုသည်နေ့စား/ကျပန်းအဖြစ်လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မြစ်ရေနှင့်အဝီစိတွင်းမှ ရရှိသောရေကိုအဓိကအသုံးပြု၍စိုက်ပျိုး ရေးလုပ်ကိုင်ကြပြီးမြစ်ရေနှင့်အဝီစိတွင်းနှင့်ဝေးကွားသည့်ကိုင်မြေကေများတွင်ရေလုံလောက်စွာမရ ရှိသဖြင့်သီးနှံအထွက်နှုန်းမှာ(၅၀)ရာခိုင်နှုန်းလောက်သာရရှိပါသည်။ကျေးရွာရှိစိုက်ပျိုးရေးတောင်သူ များတွင်တစ်ဦးချင်းပိုင်ထွန်စက်(၁)စီး၊အငှား(၁၅)ဦး၊လက်တွန်းထွန်စက်(၁၇)စီး၊အငှား(၇)ဦး၊ အစေ့ ချစက်အငှား(၄)ဦး၊ရိတ်သိမ်းခြွေလှေ့စက်(၁)စီး၊ အငှား(၁၅)ဦး၊ ရိတ်စက်ကိုယ်ပိုင်(၁)စီး ၊ အငှား (၂)ဦး၊ခြွေလှေ့စက် အငှား(၅)ဦး၊ ရေစုပ်စက် ကိုယ်ပိုင်(၂၀)လုံး၊ အငှား(၂၃)ဦး၊ ခြေနင်းရေတင်စက် အငှား(၆)ဦးနှင့်မြက်ရိတ်စက်ကိုယ်ပိုင်(၁)လုံးရှိပြီးအငှား(၈)ဦးစသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ် ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ဓါတ် မြေဩဇာနှင့်အခြား ဓါတ်ဗေဒ သွင်းအားစုများ ၊ သီးနှံ မျိုးစေ့များကိုလည်း အင်းမဈေးတွင်ဝယ်ယူ ရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း၊ရောင်းချနိုင်ကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

အင်းတကောကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စု ( ၂ ) စု ၊ ဆိတ်မွေးမြူသော အိမ်ထောင်စု( ၁၅ ) စု၊ဝက်မွေးမြူထားသည့် အိမ်ထောင်စု (၅)အိမ်ရှိပြီး ဝက်ကောင်ရေ(၁၁)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၆၅)အိမ်ရှိပြီး ကြက်ကောင်ရေ (၉၈၈)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၁၅)အိမ်ရှိပြီးဘဲကောင်ရေ(၂၀၀)ကောင်၊ငါးကန်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၂)စု ရှိပြီး ငါးကန်(၄)ကန်ရှိပြီးရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အိမ်ထောင်စု (၁)စု စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့်နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့်ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပါတ်သက်သည့်အတွေ့အကြုံအသိပညာများအားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

**အင်းတကောကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ** ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်အငှါးလိုက်အစရှိသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသည်။**နေ့စားအလုပ်လုပ်ကိုင်သူမှုများမှာဈေးဆိုင်ဝန်ထမ်း၊ပန်းရံ-လက်သမားအလုပ်သမားများ အဖြစ်သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခကျား(၅၀၀၀) ကျပ်၊မ (၃၀၀၀) ကျပ်ရရှိပါသည်။ကျေးရွာအိမ်ထောင်စုပေါင်း (၈၁) ခန့်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသောမိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့်အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများကျွမ်းကျင်စွာ တက်မြောက်မှုမရှိခြင်းတို့ကြောင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်အသင့်အတင့်ရှိသော်လည်းဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှုအားနည်းပါသည်။**

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမဦးစီးဌာနတို့ဖြစ်သည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီးတစ်ဧကလျှင် (၁၅၀,၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပါသည်။အများဆုံးထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ်ဖြစ်သည်။အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်းဖြစ်ပြီးလတိုးဖြစ်သည်။ထုတ်ချေးသည့် ကာလမှာ (၇) လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအားနှစ်ရှည် (အနည်းဆုံး ၃နှစ်) ထုတ်ချေးမည်ဆိုပါကပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်မှာအဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုးရှိပါသည်။အတိုးနှုန်းလည်းမတူချေ။ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ်ထုတ်ချေးနိုင်ပါသည်။ပက်-မြန်မာ၊ ဖူလတန်ငွေကြေးဝန်ဆောင်မှု အဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၃)နှစ်ခန့်ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအားချေးသည့် ရိုးရိုးချေးငွေဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီးရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ်ဖြစ်သည်။စိုက်ပျိုးရေးချေးငွေရရှိရန်ပုံစံ (၇) လိုအပ်သည်။သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန်အခက်အခဲရှိနေပါသည်။အဘယ့်ကြောင့်ဆိုသော်ပြန်လည် ပေးဆပ်သည့်ပုံစံမှာ (နှစ်ပတ်လျှင်တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း ၊ ပုံမှန်ဝင်ငွေရ လုပ်ငန်းများမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများမရှိခြင်းတို့ကြောင့်ဖြစ်သည်။

## ၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ရန်ကုန်-ပုသိမ်ကားလမ်းမှ အင်းတကောကျေးရွာသို့ အင်းမကျေးရွာမှတစ်ဆင့် (၁)မိုင်အတိုင်းအတာရှိသော ကွန်ကရစ်လမ်းဖြင့် ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းရှိပြီး **အင်းတကောကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်တွင်းလမ်းကို အများဆုံးအသုံးပြုနိုင်ပါသည်။ကုန်းတွင်းလမ်းကိုတစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ရေကြောင်းလမ်းကို မိုးရာသီတွင်သာ အသုံးပြုနိုင်ပါသည်။အသုံးပြုသော ယာဉ်များမှာ လှေ (၄၉) စီး၊ စက်လှေ(၁၆)စီး၊စက်ဘီး (၅၉) စီး၊ဆိုင်ကယ် (၆၀)စီး၊ သုံးဘီးဆိုင်ကယ်(၁၄)စီး ၊ ထော်လာဂျီ(၁၉)စီး ၊ မော်တော်ကား(၈)စီး နှင့် နွားလှည်း(၁)စီးရှိပါသည်။**

**ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ်ကို ကျေးရွာလူထုမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။မြေသားလမ်းများမှာ မိုးတွင်းကာလများတွင်လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ချိုင့်များဖြစ်ကာသွားလာရအဆင်မပြေမှုများရှိနေပါသည်။ကျေးရွာ၏တံတားတည်ရှိမှုတွင် (၁၅ပေ၊၁၀ပေ၊၁၂ပေ)ကွန်ကရစ်တံတား(၁)စင်းရှိပြီး အဆိုပါတံတားမှ ကွန်ကရစ်တံတားဖြစ်သောကြောင့်ရာသီမရွေးသွားလာဖြတ်သန်းနေကြပါသည်။**

### (ခ) ကျေးရွာမီးလင်းရေး

**ကျေးရွာမီးအလင်းရောင်အတွက် လျှပ်စစ်မီးလင်းရေးအိမ်ထောင်စု(၆၆)စုရှိပြီး ဆိုလာမီးအလင်းကိုအိမ်ခြေ(၁၁)အိမ် ဒီဇယ်အင်ဂျင်နှင့်အိမ်ထောင်စု (၅)စု၊ ဇီဝလောင်စာ သုံးအိမ်ထောင်စု (၁၀)စုရှိပြီး ဖယောင်းတိုင်နှင့်မီးခွက်ကိုသာ သုံးစွဲနေရသည့် အိမ်ထောင်စု (၂၄)စုရှိ ကျေးလက်**

**မီးလင်းရေးကို သုံးစွဲနေပါသည်။လျှပ်စစ်မီးလင်းရေးလုပ်ငန်းရှိသောလည်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ဆောင်ရွက်နိုင်သော အသေးစား အလက်စား လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ကျေးရွာသူ/သားများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရန် များစွာ အခက်အခဲရှိပါသည်။**

**(ဂ)သတင်းနှင့်ဆက်သွယ်ရေး**

**ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၁၇၈)လုံး၊ရေဒီယို (၄)လုံး၊ တီဗွီ (၆၄)လုံး ၊ ဂြိုလ်တုစလောင်း (၆၂)လုံးစသည်တို့မှ ရရှိသည့်အပြင်** Ooredoo, MPT, Mytel, Telenor **ဖုန်းလိုင်းများဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။**

**၆။ပညာရေး**

အင်းတကောကျေးရွာရှိတွင်း အခြေခံပညာ မူလတန်းကျောင်းရှိပြီး ကျောင်းသား/ သူများ ပညာသင်ကြားနေရပြီး အဆိုပါ ကျောင်းဆောင်မှာ(၆၀'x ၃၀'x ၁၀') ရှိသော တစ်ထပ် အုတ်ကျောင်းဖြစ်ပြီး အရည်အသွေး ကောင်းမွန်မှုရှိပါသည်။ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက်ဆရာ၊ဆရာမ (၄) ဦးရှိပါသည်။ဆရာ၊တပည့်အချိုးအားဖြင့် (၄၀)အောက်ဖြစ်ပါသည်။ ကျောင်းတွင်အခန်းများခွဲထားပါသည်။အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသူ/သား (၄၄)ဦးရှိပါသည်။ သောက်သုံးရေကိုကျောင်းဝင်းအတွင်းရှိ လက်နှိပ်တုံကင်မှခပ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲအိမ်သာ (၂)လုံးကလည်းကျောင်းသူ၊ကျောင်းသားများအတွက် လုံလောက်မှုရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများလိုအပ်ချက်ရှိပါသည်။

ကျေးရွာမှ (၃) နှစ်အထက်ကလေးများ (၁၈) ယောက်ကိုမူလတန်းကျောင်းတွင်ပင် မူကြိုကလေးများအဖြစ်သင်ကြားပေးနေပါသည်။တတ်နိုင်ပါက မူကြိုကျောင်းတစ်ဆောင်လိုအပ် နေပြီး ဆရာ၊ဆရာမအတွက်ကုန်ကျစရိတ်ကို မိဘများမှကျခံပေးနိုင်ပါသည်။ထို့အပြင် ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။သောက်ရေအတွက် အခက်အခဲရှိသောကြောင့်ကျောင်းသား၊ကျောင်းသူများအတွက်ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တစ်ကန်တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံးသောက်ရေဖူလုံနိုင်ပေမည်။ကျောင်းသား/သူများသည် အင်းမကျေးရွာရှိကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားနေသော်လည်း အောင်ချက် ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန် နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက်မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

ကျေးရွာတွင်စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။မူလတန်းအဆင့်စာတတ်မြောက်သည့်လူဦးရေမှာ (၂၇.၆၀)ရာခိုင်နှုန်း အထိသာရှိခြင်းနှင့် အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ (၄၂.၉၆)ရာခိုင်နှုန်း၊အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၁၄.၃၂)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂.၆)ရာခိုင်နှုန်း တို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူစွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

## ၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

**ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက(၂)မိုင်အတွင်းကွာဝေးသောအင်းမတိုက်နယ်ဆေးရုံတွင်အဓိကထား၍ သွားရောက်ပြသပါသည်။ အင်းမဆေးရုံတွင် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။အသေးစား ကျန်းမာရေးနှင့်ဆိုင်သောဆေးဝါးများကို အင်းတကောကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်က အင်းမကျေးရွာရှိဆေးဆိုင်တွင်ရနိုင်ပါသည်။အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူပန်းတနော်မြို့ပေါ်ရှိပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ကျေးရွာအတွင်းတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းတစ်ခန်းထားရှိရန်နှင့်ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့်ကျေးရွာအတွက်ပါကောင်းမွန်သောအကျိုးသက်ရောက်မှုရှိလာပါမည်။**

မြစ်ရေနှင့်လက်နှိပ်တုံကင်စက်တပ်(၆၃)တွင်းရှိသော်လည်း သောက်ရေအတွက်လုံလောက်မှုရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ ကျေးရွာ သောက်ရေ လိုအပ်ချက်ကို ဖြည့်ဆီးရန် အတွက် (၄) လက်မ စက်ရေတွင်းတစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် တည်ဆောက်ထားသော်လည်း ကျေးရွာအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အိမ်တိုင်ရေသွယ်စနစ်ဖြင့် ဆောင်ရွက်ပေးမည့်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာမည့်ဖြစ်ပါသည်။ ယင်လုံ အိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၁၁၃) အိမ်ရှိပြီး၊တွင်းဖြင့် သုံးစွဲသည့် အိမ်ထောင်စုမှာ (၃)အိမ် ရှိကြောင်း၊ ယင်လုံ အိမ်သာဆောက်လုပ်ရာတွင် မြေပြိုခြင်း၊ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်များပြားမှုကြောင့် နှစ်စဉ်ပြန်လည် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရပြီး မိသားစုများ၏ ကျန်းမာရေးကို အထူးဂရုပြုကြပါသည်။ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်းသုံးသပ်ဆွေးနွေးကြပါသည်။

## ၈။ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အင်းတကောကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လုပ်စား၊ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့်၄င်းအိမ်ထောင်စုများသည် သဘောဝဘေးနှင့်စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

အင်းတကောကျေးရွာတွင်သဘာဝဆေးဘက်ဝင်အပင်များနှင့်သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊အိမ်ထောင်စုများမှ စားသုံးရန်ထမင်း၊ဟင်းများချက်ပြုတ်ရန်ထင်းများခုတ်ယူသုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။တီဘီရောဂါဖြစ်ပွားသည့်လူနာအငယ်နည်းငယ်ရှိပါသသည်။တိရစ္ဆာန်ရောများ

သည့်ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ချောင်းဆိုး၊လျှောနာဂေါ်နှင့်ကြက်၊ဝက်၊တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

အင်းတကောကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေထက် များပါသည်။ ကောက်စိုက်ချိန်တွင်အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့်ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ **နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဈေးဆိုင်ဝန်ထမ်း၊**ပန်းရံ-လက်သမားအလုပ်သမားများအဖြစ် **သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခကျား(၅၀၀၀) ကျပ်၊မ (၄၀၀၀) ကျပ်ရရှိပါသည်။ကျေးရွာအိမ်ထောင်စုပေါင်း (၂၄၆)စုလုပ်ကိုင်ကြသည်။**ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာပိုမိုများပြားပါသည်။ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတွင်အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။သို့သော်လည်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစား ပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အင်းတကော | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(အိုင်စေး) | ၁ | ကျေးလက်ဦးစီး/ပြည်သူ | |
| | အင်းတကော | အခြေခံအဆောက်အဦ | ရွာမလေးလမ်းကွန်ကရစ်ခင်းခြင်း | ၂ | သက်ဆိုင်ရာဌာန/ပြည်သူ | |
| | အင်းတကော | အခြေခံအဆောက်အဦ | သုသာန်လမ်းကွန်ကရစ်ခင်းခြင်း | ၃ | သက်ဆိုင်ရာဌာန /ပြည်သူ | |
| | အင်းတကော | အခြေခံအဆောက်အဦ | ဇီးငူအတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၄ | သက်ဆိုင်ရာဌာန /ပြည်သူ | |
| | အင်းတကော | အခြေခံအဆောက်အဦ | အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း | ၅ | သက်ဆိုင်ရာဌာန /ပြည်သူ | |
| | အင်းတကော | ကျန်းမာရေး | လူနာတင်ယာဉ်ဝယ်ယူခြင်း | ၆ | သက်ဆိုင်ရာဌာန /ပြည်သူ | |
| | အင်းတကော | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတိုးချဲ့ဆောင်ဆောက်လုပ်ခြင်း | ၇ | သက်ဆိုင်ရာဌာန /ပြည်သူ | |

နောက်ဆက်တွဲ(၁)

## အင်းတကောကျေးရွာအုပ်စု၊အင်းတကောကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်မြင့်ဦး | ဦးမောင်တင် | ၁၄/ပတန(နိုင်)၀၃၆၃၉၁ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၂၆၄၀၄၆၁၀၁ |
| ၂ | ဦးကျော်မြင့် | ဦးမြသိန်း | ၁၄/ပတန(နိုင်)၂၆၀၄၀၀ | ၆၃ | ဘဏ္ဍာရေးမှူး | ၀၉-၇၆၀၃၇၇၁၀၁ |
| ၃ | ဦးသန်းဆင့် | ဦးခင် | ၁၄/ပတန(နိုင်)၀၃၆၅၀၅ | ၅၅ | စာရင်းကိုင် | ၀၉-၄၅၁၃၆၃၄၅၀ |
| ၄ | ဦးမျိုးမြင့်ဦး | ဦးအုန်းစိန် | ၁၄/ပတန(နိုင်)၁၂၇၄၂၇ | ၄၁ | ဥက္ကဋ္ဌ<br>(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉-၄၂၉၇၆၆၅၆၄ |
| ၅ | ဦးနိုင်ထူး | ဦးချစ်ယံ | ၁၄/ပတန(နိုင်)၀၃၆၄၇၄ | ၅၃ | အဖွဲ့ဝင် | ၀၉-၄၄၃၄၁၅၀၂၀ |
| ၆ | ဒေါ်သီတာဝင်း | ဦးဝင်းကြည် | ၁၄/ပတန(နိုင်)၀၃၆၄၄၂ | ၅၁ | အဖွဲ့ဝင် | ၀၉-၄၂၂၅၂၇၃၅၉ |
| ၇ | ဒေါ်စန်းစန်းထိုက် | ဦးအောင်ငွေ | ၁၄/ပတန(နိုင်)၁၇၁၁၈၃ | ၄၄ | အဖွဲ့ဝင် | ၀၉-၄၅၃၂၃၂၃၀၆ |
| ၈ | ဒေါ်အိဖြူလင်း | ဦးမြသောင်း | ၁၄/ပတန(နိုင်)၂၂၆၅၀၈ | ၃၁ | အဖွဲ့ဝင် | ၀၉-၈၉၅၅၀၆၃၅၁ |
| ၉ | ဒေါ်ရည်မွန် | ဦးဖိုးကွန် | ၁၄/ပတန(နိုင်)၂၂၆၄၇၈ | ၃၃ | အဖွဲ့ဝင် | ၀၉-၄၅၉၂၉၈၂၈၇ |
| ၁၀ | ဒေါ်စန်းဝင်း | ဦးထွန်းငွေ | ၁၄/ပတန(နိုင်)၀၃၆၅၂၉ | ၅၇ | အဖွဲ့ဝင် | ၀၉-၄၂၆၁၆၇၃၄၁ |
| ၁၁ | ဦးနေလင်းအောင် | ဦးစိန်တင် | ၁၄/ပတန(နိုင်)၁၄၀၃၂၅ | ၃၆ | အတွင်းရေးမှူး | ၀၉-၂၅၂၅၃၉၅၄၄ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၇ | ၁၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၆ | ၃၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၂၅ | ၄၀ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၂၅ | ၄၁ | | ၄ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၉ | ၁၇၉ | ၃၄၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၇ | ၂၆ | | |
| စုစုပေါင်း | | ၂၂၉ | ၂၆၉ | ၄၉၈ | | ၄ |
| စုစုပေါင်း အိမ်ထောင်စု | | (၁၁၆)အိမ်ထောင်စု | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁နှစ်မှ ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။ အင်းတကောကျေးရွာတွင် နို့စို့ကလေး (၁၁)ဦး၊ (၅)နှစ်အောက် ကလေးငယ်(၃၂)ဦး၊ (၅) နှစ်မှ (၉)နှစ်အထိ ကလေးငယ် (၄၀)ဦး၊ (၁၀)နှစ်မှ (၁၄)နှစ်အထိ (၄၁)ဦး၊ (၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ် နိုင်သူဦးရေ(၃၄၈)ဦးရှိပြီး (၆၅)နှစ်အထက်သက်ကြီးရွယ်အိုဦးရေ(၂၆)ဦးစုစုပေါင်း (၄၉၈)ဦး ရှိကြောင်း မိမိတို့ ကျေးရွာ အနေဖြင့်ကလေးငယ်နှင့် သက်ကြီးရွယ်အိုများနည်းပါးပြီး အလုပ် လုပ်နိုင်သော လူဦးရေများပြားနေသည့်အတွက် အလုပ်အကိုင်လုပ်ကိုင်နိုင်သော အခြေအနေကောင်းများ ကျေးရွာတွင်ရှိ ကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၉ | ၃၆ | ၅ | ၂ | ၇ | ၁၉ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၁ | ၂၉ | ၃ | ၃ | ၉ | ၁၅ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၁၈ | ၅ | ၉ | ၁၉ | ၂ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၁၂ | - | - | - | ၃ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၆ | ၂ | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၈ | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် | ၃ | ၉ | - | - | - | - | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၉ | – | - | – | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈ | ၂၃ | – | - | – | ၆ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၉ | – | - | – | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | ၁ | - | – | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | - | – | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇ | ၁၂ | – | - | – | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၂၀ | – | - | – | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၄ | – | - | – | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | – | - | – | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | ၁ | - | - | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဝေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ဝန်ထမ်း | | | | | | | |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၃ | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၅ | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၄ | - | - | - | - | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၆ | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁ | ၃ | - | - | - | - | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၁၆ | ၃၄၇ | ၁၈ | ၇ | ၁၈ | ၅၂ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်**

**လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”**ကဏ္ဍ၏**“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။**ကျေးရွာအတွင်းရှိလယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်း၊အခြား စိုက်ပျိုးရေး

မဟုတ်သော အခြားလုပ်ငန်းများလုပ်ကိုင်သည့်အိမ်ခြေ ပျမ်းမျှ(၉၀%)ခန့်ရှိပြီး၊ အဓိကလုပ်ငန်းရပ်တည်မှု အနေအထားမှာ အလယ်အလတ် အဆင့်သာရှိပါသည်။စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သည့် အိမ်ခြေ အနည်းငယ်သာရှိသောကြောင့် စိုက်ပျိုး ရေး/မွေးမြူရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အတိုးချေးငွေများ မတည်ကူညီပေးရန် လိုအပ်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၂၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၂၅၀၀ | ၁၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။**။ကျေးရွာအတွင်းလုပ်ငန်းနှင့်ကျားမအလိုက်အနည်းဆုံး၊အများဆုံးလုပ်အားခနှုန်းထား အနေဖြင့်လယ်ယာစိုက်ပျိုးရေး၏တစ်ရက်တာဝင်ငွေမှာကျား(၅၀၀၀)၊မ(၃၅၀၀)အများဆုံးရရှိပြီး၊အနည်းဆုံး မှာ ကျား(၄၀၀၀)၊ မ(၃၀၀၀)ကျပ်ဖြစ်သည်။တိရစ္ဆာန်မွေးမြူရေး၏တစ်ရက်တာဝင်ငွေမှာ ကျား(၃၀၀၀)၊ မ(၂၀၀၀)အများဆုံးရရှိပြီး၊ အနည်းဆုံးမှာ ကျား(၂၅၀၀)၊ မ(၁၅၀၀)ကျပ်ဖြစ်သည်။ ငါးလုပ်ငန်း(ငါးကန်)၏ တစ်ရက်တာဝင်ငွေမှာကျား(၅၀၀၀)၊မ(၃၅၀၀) အများဆုံးရရှိပြီး၊အနည်းဆုံးမှာ ကျား(၄၀၀၀)၊မ(၃၅၀၀)ကျပ် ဖြစ်သည်။ သတ္တုတူးဖော်ရေး လုပ်ငန်း၏ တစ်ရက်တာဝင်ငွေမှာကျား(၅၀၀၀)၊မ(၄၀၀၀) အများဆုံးရရှိပြီး၊ အနည်းဆုံးမှာ ကျား(၄၀၀၀)၊ မ(၃၅၀၀)ကျပ်ဖြစ်သည်။ထုတ်ကုန်၏တစ်ရက်တာဝင်ငွေမှာ ကျား(၅၀၀၀) ၊မ(၃၅၀၀) အများဆုံးရရှိပြီး၊ အနည်းဆုံးမှာ ကျား(၃၅၀၀)၊ မ(၃၀၀၀)ကျပ်ဖြစ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းများ၏တစ်ရက်တာဝင်ငွေမှာကျား(၅၀၀၀)၊မ(၃၅၀၀)အများဆုံးရရှိပြီး၊အနည်းဆုံးမှာ ကျား(၄၀၀၀)၊ မ(၃၀၀၀)ကျပ်ဖြစ်သည်။ယာဉ်၊စက်၊အိမ်သုံးပစ္စည်းများပြုပြင်ခြင်း၏ တစ်ရက်တာဝင် ငွေမှာကျား(၇၀၀၀)၊ မ(၅၀၀၀)အများဆုံးရရှိပြီး၊ အနည်းဆုံးမှာကျား(၅၀၀၀)၊မ(၃၀၀၀)ကျပ်ဖြစ်သည်။လက်လီ- လက်ကား ရောင်းဝယ်ရေး၏တစ်ရက်တာဝင်ငွေမှာ ကျား(၃၀၀၀) ၊ မ(၂၀၀၀) အများဆုံးရရှိပြီး၊ အနည်းဆုံးမှာ ကျား (၂၅၀၀) ၊မ(၁၅၀၀)ကျပ်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်လုပ်ငန်း၏ တစ်ရက်တာဝင်ငွေမှာကျား(၇၀၀၀)၊ မ(၅၀၀၀) အများဆုံးရရှိပြီး၊ အနည်းဆုံးမှာ ကျား(၅၀၀၀) ၊ မ(၄၀၀၀)ကျပ် ဖြစ်သည်။ ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း၏ တစ်ရက်တာဝင်ငွေမှာ ကျား(၄၀၀၀)၊ မ(၃၀၀၀)အများဆုံးရရှိပြီး၊ အနည်းဆုံး မှာ ကျား(၃၀၀၀)၊ မ(၂၅၀၀)ကျပ် ရရှိကြောင်းလေ့လာတွေ့ရှရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၇၂ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၅၇.၅ | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၄၈၉.၅ | ☒ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီးသန့် လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မိမိတို့အင်းတကောဲ ကျေးရွာအတွင်း စိုက်ပျိုးမြေဧက (၄၃၂)ဧကခန့်ရှိပြီး၊ သင်ဖျာလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ သင်ဖျာအပြင်အခြားသီးနှံများဖြစ်သောပဲများကိုလည်း ကျေးရွာ တွင် စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ရှိသောကြောင့် မြေဆီလွှာ ပိုမိုကောင်းမွန်စေရန်ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ကွမ်းခြံများ အနည်းငယ်စိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☑ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☑ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊ မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။မိမိတို့အင်းတကောရွှေတွင်တွင်းထွက်သဘာဝအရင်းအမြစ်များဖြစ်သည့်သဲ၊ကျောက်စရစ်နှင့် လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော သဘာဝ အပင်မျိုးစေ့များမှာ အနည်းငယ်သာရှိသောကြောင့်ခက်ခဲစွာ အသုံးပြုနေရပါသည်။မြစ်ချောင်းရေကို အများဆုံး အသုံးပြုစိုက်ပျိုးကြသော်လည်း တစ်နှစ်တာကာလပတ်လုံးလုံလောက်မှုမရှိကြောင်း၊အသုံးဝင်သော သဘာဝသယံဇာတများဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များ ကျေးရွာတွင်မရှိကြောင်း

ထပ်မံလေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၉ | ၄၀ | ၄၄ | ၂၃ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ဥစ္စာဓနအဆင့် အခြေအနေမှာ အလွန်အဆင်ပြေသော အိမ်ထောင်စုများမှာ (၉) အိမ်ထောင်စုရှိပြီးအသင့်အတင့်အဆင်ပြေသောအိမ်ထောင်စု(၄၀)အိမ်ထောင်စု၊မပြေလည်သော အိမ်ထောင်စုမှာ(၄၄) အိမ်နှင့်အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၂၃)အိမ် ရှိပါသည်။ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် ကျေးရွာသူ/သားများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများလည်း လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၆ | ၂ | အခြားအစာပြောင်းလဲစား = ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ၃<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၁ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၇ | ၅ | အခြားအစာပြောင်းလဲစား = ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ၂<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၃ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၇ | ၃ | အခြားအစာပြောင်းလဲစား = ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ၃<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၂ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။ ။မိမိတို့အင်းတကောကျေးရွာတွင်**ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု(၃၅)အိမ် ရှိသည့်အနက်၃လအောက်ဝမ်းစာဖုံလုံမှုအခြေအနေမှာ အိမ်ထောင်စု(၁၂)အိမ်ထောင်စုရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၈)စု ရှိကြောင်း၊(၃)လမှ (၆)လအထိ ဝမ်းစာ ဖူလုံမှု အခြေအနေမှာ အိမ်ထောင်စု (၁၅)

အိမ်ထောင်စုရှိပြီး အမျိုးသမီး အိမ်ထောင်စု(၁၁)စုရှိပြီး (၆)လမှ(၁၂)လအထိ ဝမ်းစာဖူလုံမှုအခြေအနေမှာ အိမ်ထောင်စု(၁၁)စုရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃)စုရှိပြီး ဝမ်းစာဖူလုံမှုရှိပါသည်။ အဆိုပါ အိမ်ထောင်စုများမှာ လုပ်အားခကြိုယူခြင်း၊ ချေးယူခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဖြေရှင်းနေရပါ သည်။ပြည်တွင်း/ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများထံမှပြန်ပို့ငွေဖြင့် စားသောက်နေရသောအိမ်ထောင်စု များလည်းရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| **မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက်** | - | - | - |
| **မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်** | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု** | ၁၅ | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု** | ၃ | | |
| **အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု** | - | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။**မိမိတို့အင်းတကော**ကျေးရွာအတွင်းသက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသည့်သူများ အနည်းငယ်ရှိကြောင်းတွေ့ရှိရပါသည်။အခြားဒေသသို့သွားရောက်လုပ်ကိုင်နေသောဆင်းရဲသည့် အိမ်ထောင် စုများလည်းတွေ့ရှိရပါသည်။ ဆင်းရဲသောမိသားစုများအနက် အမျိုးသမီးဦးဆောင်ရသော အိမ်ထောင်စု(၁၅) အိမ်ထောင်စုရှိပြီး၊ မုဆိုးဖို၊ တခုလပ်အိမ်ထောင်စုမှာ (၃)အိမ်ထောင်စုရှိကြောင်း ၊ ၎င်းအိမ်ထောင်စု၏ စားနပ်ရိက္ခာဖူလုံမှုမှာ များစွာ အခက်အခဲရှိကြောင်းနှင့် ငွေကြေးအထောက်အပံ့များလည်း လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

